ဝင်းပလဝန်း လဲ့လဲ့ရွှန်းသို့
ချီးမွမ်းထောပနာ ပြုလေရာ။ ။

အက်ကလိုသိန်း

# "မေတ္တာစွမ်း"

"သံကိုသံဖျက်သံချေးတက်၊ ကိုယ့်ကိုကိုယ်ဖျက်ကိုယ်သာပျက်၊ခေးကိုဖျက်တာဝါးမြက်၊လူကိုဖျက်တာအရက်" ဆိုတဲ့စကားအတိုင်း ကိုယ့်ကိုကိုယ်ပြန်ပြီးမဖျက်ဖို့လိုသည်။ ကိုယ့်ကိုကိုယ်ဖျက်ရင်မည်သူဘဲလာပြင်လာပြင် မကျွတ်ထိုက်တဲ့သတ္တဝါမို့ ဗုဒ္ဓရှင်ဘုရားတောင်မချွတ်ခဲ့လေရာ ကောင်းလာသို့ဟူသည် ပန်းတိုင်ရှိရာကိုမသွားဘဲ ကျောခိုင်းကာနောက်ဆုတ်သွားရာနှင့်တူလှပါပေ၏။ ကိုယ်ကောင်းမကောင်းဟူသည် အရာအားလုံးကိုလိမ်ညာပြီးလှည့်ဖျားလို့ရပေမယ့် ကိုယ့်ကိုကိုယ်တော့ လုံးဝဘယ်နည်းနှင့်မှလိမ်ညာလို့ရမည်မဟုတ်ဖြစ်သည်။

ကိုယ်ဆိုးတယ်ကိုယ်ကောင်းတယ်ဆိုတာ မည်သူတွေဘာဘဲပြောပြောကိုယ်သာအသိဆုံးဖြစ်သည်။ စကားဆိုသည်မှာ တိုးတိုးပြောလည်းစကား ကျယ်ကျယ်ပြောလည်းစကားဖြစ်နေပါသဖြင့် တိုးတိုးပြောတာနဲ့ကျယ်ကျယ်ပြောတာဟာစကားခြင်းတူပေမယ့်နှစ်မျိုးနှစ်သွယ် ကိုယ်စီသွားနေလေတော့တိုးတိုးပြောခြင်းသည်ယဉ်ကျေးသိမ်မွေ့သဘောသို့ သက်ရောက်ပြီး ကျယ်ကျယ်ပြောတာကိုတော့ ကြမ်းတမ်းခြင်းအဖြစ်သို့ သက်ရောက်လေတော့သည်။

ယဉ်ကျေးသိမ်မွေ့တာကိုတော့ အများကလက်ခံကြပေမယ့် ကြမ်းတမ်းရိုင်းစိုင်းခြင်းကတော့ အများကမနှစ်သက်ကြလေရာ ဒီမိုကရေစီနည်းကျကျရွေးစတမ်းဆိုရင် ယဉ်ကျေးသိမ်မွေ့တဲ့မဲကမနည်းနိုင်ဘဲ များလိမ့်မယ်လို့ယုံကြည်မိပါသည်။ ဒါဆိုမဲများရာအသာဆိုရင် ရိုင်းစိုင်းခြင်း၊ ကြမ်းတမ်းခြင်းသဘောသက်ရောက်နေတဲ့ ကျယ်ကျယ်ပြောတဲ့မဲကအနိုင်မဲပြားနည်းပြီး အရှုံးမဲပြားများနေမှာသေချာလှပါသည်။

ဒါကြောင့် စကားပြောရာမှာရိုင်းရိုင်းစိုင်းစိုင်းမရှိဖို့ အင်မတန်လိုအပ် လှပေသည်။ လူကျွံလို့နုတ်လို့ရပေမယ့် စကားကျွံတာကိုတော့ နုတ်ဖို့ခဲယဉ်းလှပါတယ်။ ခဲယဉ်းပါတယ်ဆိုတဲ့အရာကိုမနှစ်သက်ကြပါစေနဲ့၊ အများနှစ်မြို့နေတာကိုဘဲလိုလားကြပါ။

ကရင်ပြည်နယ်၊တပ်မဟာ(၁)နယ်မြေမှ(–)ရွာတစ်ရွာဖြစ်သည်။ အဲဒီရွာမှ မိုတင်းနေထိုင်ကြတဲ့လူမျိုးတွေက ကရင်ရွာဖြစ်တဲ့အတွက် ကရင်လူမျိုးတွေချည်းသာဖြစ်သည်။ တောသူတောင်သားကရင်လူမျိုးများပီပီ အနှစ်နှစ်အလလနေလာခဲ့တာ တောလုပ်ငန်းနှင့်ကြီးပြင်းလာပြီးတောသဘာဝနှင့်သာပျော်ခဲ့ကြရာ တိုးတက်ဆန်းပြားနေတဲ့ ခေတ်ကြီးစနစ်ကြီးအကြောင်းကိုသွားပြောရင် နားမဝင်နိုင်ဘဲသူ့အလုပ်နှင့်သာ တစ်နေ့ဝင်တစ်နေ့ထွက်ရင်းနဲ့ အချိန်တွေကုန်သထက်ကုန်လေတော့သည်။ ကုန်လွန်သွားတဲ့အချိန်ကိုလက်ချိုးရေပြီးဆန်းစစ်ကြည့်မယ်ဆိုရင် ဘိုးစဉ်ဘောင်ဆက်အဆက်ကနေ ယခုထိတိုင်နှစ်ပေါင်းဟူသည် တစ်ကယ်မနည်းလေတော့ခြင်းဖြစ်သည်။ ဒီနည်းသောအချိန်တွေကြားမှာ တိုးတက်မှုတစ်စုံတစ်ရာဟူသည် လုံးဝဘာတစ်ခုမှမမြင်ရသေးဘဲ နှိုးထိုးဖက်ကောက်အဖြစ်နဲ့ သံသရာလည်တာကိုဘဲယူကြုံးမရခြင်းဖြစ်သည်။

သံသရာလည်နေတဲ့သူတို့ဘဝလေးရယ်က မကြားဘူးမမြင်ဘူးရသေးသောကရင်အမျိုးသမီးအစည်းအရုံးဆိုတဲ့စကားလေးတစ်ခွန်း ဆန်းပြားထွေလာဖြစ်နေတဲ့သူတို့လေးတွေအဖို့ ဘာများပါလိမ့်အချင်းချင်းမေးကြမြန်းကြလေရာ သေသေချာချာဖြေကြားပေးမယ့်သူဟူသည်မရှိကိုမှ မရှိခြင်းဖြစ်သည်။

ဒီအတွက်နှင့်ပတ်သက်ပြီး ကရင်အမျိုးသမီးအစည်းအရုံး ဗဟိုအဖွဲ့အစည်းမှသင်တန်းမှူးများဆင်းလာကြပြီး ၂၀၁၃ခုနှစ်တွင် တပ်မဟာ(၁)နယ်မြေတစ်ခွင်မှာသင်တန်းစတင်ဖွင့်လှစ်ခဲ့သည်။ ရွာတိုင်းရွာတိုင်း မိမိရွာအတွက်သင်တန်းတက်နေကြသော ကျေးလက်နေလုံမေတွေက သင်တန်းပြီးသောအခါဝယ် ကိုယ်စီကိုယ်စီဝန်တာတွေ ကျေပြွန်အောင်ထမ်းဆောင်ကြပြီး ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့်ဝန်တာများအသီးသီးထမ်းဆောင်ကြရာတစ်နေ့သော ၂၁၊၂၀၁၅ရက်နေ့ညာ၁၀း၀၀နာရီကျော်အချိန်ဖြစ်သည်။

ရပ်တိုင်းရွာတိုင်းမှာ ရပ်စည်းကမ်းရွာစည်းကမ်းအသီးသီးရှိကြသည်။ ဒီစည်းကမ်းချက်တွေကို အုပ်ချုပ်သူရွာသူကြီးများလက်ထဲမှာရှိနေပါသဖြင့် လူတိုင်းစည်းကမ်းလိုက်နာဖို့အင်မတန်အရေးကြီးသောအချက်တစ်ချက်ဖြစ်သည်။ ဒီအတွက် ကျူးလွန်သူတိုင်း အပြစ်ဒဏ်အသီးသီးခံရမည်ဖြစ်သည်။ ည(၁၀)နာရီနောက်ပိုင်း ဆူညံသံပြုရန် လုံးဝခွင့်မရရှိတော့ဘဲအားလုံးလိုက်နာရန် လူမှုစည်းကမ်းချက်အရဖြစ်သည်။ အဲဒီသတ်မှတ်ချက်ဘောင်ကျော်လွန်ပြီးမကျူးလွန်မိဖို့ သူသူငါငါ

ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် အသီးသီးနေလာကြရာ နှစ်တွေအတန်ချီ လာပေမယ့် ဘာတစ်ခုမှမဖြစ်ဘဲ ပျော်ရွှင်စွာနဲ့နေခဲ့ရလေခြင်းဖြစ်သည်။ သူတို့ဘဝ သူတို့ကမ္ဘာမှာ နတ်ဘုံနတ်နန်းနှယ်မဟုတ် ပေမယ့် ဟိုတုန်းကလို "ဂျိမ်းဂွမ်း"သံမကြားရတာကိုဘဲဝမ်းသာလွန်းလို့ ည(၁၀) နာရီနောက်ပိုင်းဆိုရင် စိတ်ချလက်ချသဘောချစိုးရိမ်မှုကင်းရှင်းကာ ကိုယ်စီကိုယ်စီ အိပ်ကြလေသည်။ မနက်မိုးလင်းတာနဲ့ သူ့အလုပ်ကိုယ့်အလုပ် လုပ်ငန်းခွင်အသီးသီး ထဲသွားလာနေကြရပါသဖြင့် သမုဒ္ဒယာဝမ်းတစ်ထွာအတွက်နဲ့ နားရက်အားလပ်ရက်မရှိဘဲ လုပ်ငန်းတာဝန်အသီးသီးနဲ့ ပျော်ရွှင်စွာနေထိုင်ကြရလေသည်။

ဟိုတုန်းကဆိုရင် ဒီနယ်မြေဒီဒေသတွေဟာ စစ်မြေပြင်စစ်တလင်းဖြစ်တဲ့ အတွက် အမျိုးသမီးအစည်းအရုံးအဖွဲ့အစည်းရှိဖို့နေနေသာသာ မနက်မိုးလင်းတာနဲ့ ကြုံရမယ့်ဆုံရမယ့်အဖွဲ့တွေကိုတွေးပြီး စိုးတထိတ်ထိတ်နဲ့ "ဒိုင်း--ဒိုင်း" သံပေများ နေတဲ့ကြားမှာ ကြောက်စိတ်တွေအဖုံဖုံနဲ့ လှုပ်ရှားရုန်းကန်နေရတဲ့တောသူတွေရဲ့ဘဝရယ်မို့ ဝမ်းနည်းပက်လက်မျက်ရည်ထွက်ခဲ့ပေါင်းသည် မနည်းရှိနေခြင်းဖြစ်သည်။ တစ်ပြည်လုံးပစ်ခတ်ရပ်စဲရေးလုပ်နေသောခုချိန်ခါမှာ လမ်းပမ်းဆက်သွယ်ရေးဆိုတာလည်း ဟိုတုန်းကလိုမဟုတ်တော့ဘဲ မယုံနိုင်စရာမြို့ဘားအံကို နေ့ချင်းပြန်အဖြစ်နဲ့ ရောက်နိုင်တာကို ကူယ်လွန်သွားလေတဲ့မိဘဘိုးဘွားများ သိရမြင်ရတွေ့ရရင် ဘယ်လောက်ဝမ်းသာသွားမလဲဆိုတာ ဖော်ပြမတတ်လောက်အောင်ဖြစ်သည်။

အဝတ်တွေကလည်းအမျိုးမျိုး၊ အစားအသောက်တွေကလည်းအများကြီး ထွေလာများစွာသောဝတ်စရာစားစရာတွေကစုံလင်စွာပေါများသည်ဖြစ်၍ အရင်ကလို စားဝတ်နေရေးအတွက်နဲ့ မပူပန်ရတော့ဘဲ ပင်ပန်းဟူသမျှ လုပ်နိုင်သမျှ မှချသုခရလေသည်ဖြစ်၏။

လူသားတို့၏ဘဝသည် ပျော်ရွှင်ချမ်းမြေ့စွာနေခဲ့ရပေမယ့် လောကနိယာမတရားကိုမလွန်ဆန်နိုင်သေးသည်ဖြစ်၍ ရပ်တွင်းရွာတွင်း နေထိုင်နေကြသောအမျိုးသမီးအမျိုးသားများအနက် တစ်ယောက်သောအမျိုးသမီးကြီးတစ်ဦးက မမျှော်လင့်ဘဲရိုးရာနတ်စားအဖြစ် အရက်သေစာသောက်ရာကနေအမူးလွန်နေပါသဖြင့် ရပ်ရွာသတ်မှတ်ထားသောအချိန်အတိုင်းအတာကို အလေးမထားဂရုမစိုက်နိုင်တော့ဘဲ မနက်မိုးလင်းရင် နှမ်းပင်တွေသွားနုတ်နိုင်ဖို့လူငှားတွေအလိုရှိကြလေရာ မိမိ၏သားလူပျိုတစ်ယောက်ကို အားကိုးတစ်ကြီးနဲ့လူငှားရှာခိုင်းလေသည်။

တိုးတိုးပြောလည်းစကား ကျယ်ကျယ်ပြောလည်းစကားဖြစ်သည့်မို့ အမူးသမားရဲ့အသံသည်ကောင်းကင်ယံထိကြားနိုင်ခြင်းရှိသောအခါမှာ လူပျိုဖြစ်တဲ့သားက အရက်ဒဏ်ကိုမခံနိုင်ပါသဖြင့် အမေတိုးတိုးပြောပါဟုဆိုပေမယ့် အမေ့အသံသည်ပို၍ပို၍ကျယ်လောင်လာသောအခါမှာ ပါးနပ်လေသောသားက အမေ့နားမှခွါကာ တစ်နေရာသို့သွားလေတော့သည်။ အမေဖြစ်သူက ငါမွေးလာတဲ့သား ငါပြောစကားနားမထောင်ရကောင်းလားဆိုပြီး ဝမ်းနည်းလွန်းလို့ငိုရိုကာ ဒေါသခွက်ခွက်လန်ပြီး ကျယ်လောင်သောအသံကြီးကြီးနဲ့ အော်ကာ တစ်ရွာလုံးပွဲတင်လိုင်သွားလေတော့သည်။

ညဥ့်နက်လူတိတ်ပြီးမတော်သော အချိန်ရယ်မို့ ကျယ်လောင်သောအသံကိုကြားနေရသော ရွာထဲရှိအမျိုးသမီးအ စည်းအရုံးအဖွဲ့ဝင်တစ်ဦးသည် ၎င်းဖြစ်စဉ်အားသွားရောက်ဖြန်ဖြေသင့်ပါလျက်နှင့်မသွားဘဲနားထောင်နေရင်"လူအချင်းချင်းနိမ့်စက်ခြင်းကင်းရှင်းကြပါစေ။မေတ္တာရန်သူဒေါသမှုအပူလင်းပါစေ။ ဒို့မေတ္တာစွမ်းကမ္ဘာလွှမ်းငြိမ်းချမ်းကြပါစေ။"ဟုရွတ်ဆိုကာ ကိုယ်နှင့်မဆိုမဆိုင်သလို အေးအေးလူလူ သာနေခြင်းဖြစ်သည်။ ပတ်ဝန်းကျင်မှာရှိနေကြတဲ့လူတွေကတော့ ဒီမုကရဲ(အမျိုးသမီးအစည်းအရုံး)က ဟိုမှာသွားပြီးဖြန်ဖြေရမှာကိုမသွားဘဲ သူနဲ့မဆိုင်သလိုလိုသူ့ဖာသာသူဘုရားစာတရားစာတွေရွတ်နေတာဘာသဘောလဲ။ အချင်းချင်းပြောကြပြီး ရယ်သွမ်းသွေးပြုနေကြပါသည်။

ဟုတ်ပါသည်။ လောင်နေတဲ့မီးဟာလောင်နေတုန်းအနားကပ်ရင်ပူပါတယ်။ ဒီပူနေတဲ့မီးကိုငြိမ်းအေးရန်ရေဘဲလိုပါတော့သည်။ ယခုလောင်နေတဲ့မီးဟာ လူမီးဖြစ်နေပါသဖြင့် ရေနဲ့ပက်ဖြန်းဖို့ အနားကပ်ရန်မလိုအပ်ဘဲ မေတ္တာခေတ်နှင့်သာပို့ပေးရခြင်းဖြစ်သည်။ ဆိုင်တာမဆိုင်တာတော့အတတ်မပြောနိုင်ခြင်းဖြစ်သည်။

မှန်ပါသည်ဟုတ်ပါသည်၊မေတ္တာခေတ်သည် တစ်ကယ်တော့ စူးရှမှုနိုင်းလို့ ရသည်မဟုတ်ပါ။ ရှိတော့ရှိတယ်။ ဒါပေမယ့်မမြင်နိုင်ခြင်းဖြစ်သည်။ မေတ္တာခေတ်ကြောင့် လူတွေကောင်းလာတာရှိသလို မေတ္တာခေတ်ကြောင့် ကမ္ဘာကြီးအေးချမ်းတာလည်းရှိသည်။

မေတ္တာခေတ်နှင့်စစ်ခင်းလေ သောဗုဒ္ဓသည် ပရိနိဗ္ဗာန်စံသွားသည့်တိုင်ဗုဒ္ဓတန်ခိုးမညှိုးနိုင်သေးခြင်းဖြစ်သည်။ ဒါကြောင့် မုကရဲ၏ပို့သသောမေတ္တာခေတ်သည် ရှည်တိုပုကွအလုံးအပြားအကောင်အထည်မရှိပေမယ့် သက်ရောက်မှုရှိလေရော့သလား။ ဒါမှမဟုတ်တိုက်ဆိုင်လို့ဘဲလား။ အော်ဟစ်နေတဲ့အမူးလွန်အမျိုးသ

မီးက မနက်မိုးလင်းထလာသောအခါမှာ အိမ်နီးနားချင်းရောင်းရင်းတွေက သူ့အားပြောပြရာလေသည်။ အဲဒီအခါကျမှ နောင်တဆိုတာ တစ်ကယ်ကိုဘဲနောင်းလေရော့သလားဖြစ်သည်။ မေတ္တာပို့နေတဲ့မုကရဲကဘာမှမဖြစ်ပေမယ့် မေတ္တာပို့ခံရတဲ့ဒေါ်မမူးရယ်က,ငါ-ငါ-ကောင်းမှကောင်းသေးရဲ့လား။ ဒီရွာမှာလူတစ်ထောင်ကျော်ရှိနေတာကိုဂရုမစိုက်ဘဲ ငါအော်ချင်သလိုအော်၊ ဆဲချင်သလိုဆဲ ငါ့ကိုထိပ်တုံးထဲထည့်လို့ရပေမယ့် လူအချင်းချင်းစာနာပြီးနားလည်မှုပေးကာ ငါ့ကိုခွင့်လွှတ်သွားတာ ဒီအဖြစ်ကိုယူကြုံးမရစွာနဲ့ ကိုယ့်ကိုကိုယ်ဆင်ခြင်ပြီး အရက်ဆိုတာ သောက်တတ်ရင်ဆေး သောက်မတတ်ရင်ဘေးတဲ့၊ အရက်ဟာဆင်ဘဲသောက်သောက်၊ မြင်းဘဲသောက်သောက်သောက်တာနဲ့မူးတာဘဲ သောက်တိုင်းမူးတဲ့အရက်ကို ဒီနေရာမှာအဖြေကလေးရယ်က---မသင့်တာကိုသင့်မရဲတာကိုရဲ အချိန်မတော်အခါမတော် မရက်မကြောက်ဘဲ တစ်ယူဇနာကြားနိုင်လောက်တဲ့အသံကို အော်ဟစ်ဆဲဆိုရဲနေပါသဖြင့် မိမိ၏သားလူပျိုအတွက် အရက်နှင့်သိက္ခာဘယ်လိုထိခိုက်သလဲဆိုတာတွေးပြီး ဝမ်းနည်းမိလေတော့သည်။ ပြီးသွားလေသောအရာတစ်ခုကို ဝမ်းနည်းပြီး ပြန်လည်၍အဖတ်ဆည်လိုပေမယ့် အကျိုးမဲ့ရှာသွားပါလေပြီဖြစ်သည်။

သားသမီးဆိုဆုံးမရာ၌ အရက်မူးမှဆုံးမတတ်တဲ့မိဘဟာ တစ်ကယ်တော့အများကချီးမွမ်းနိုင်မည်မဟုတ်ပါ။ မူးနေတုန်း တစ်ကိုယ်ကောင်းဆန်ပြီး ကိုယ်ချည်းဘဲအမှန်သာဖြစ်တယ်ဆိုတဲ့အတွေးမျိုးကိုတော့ အများကလက်ခံနိုင်မည်မဟုတ်။ အများလက်မခံနိုင်တာကိုမပြုမိဖို့ လူတိုင်းသိဖို့လိုအပ်လှပေသည်။ ဒီအသိတရားတွေကို လူသားတိုင်းမှာတည်ရှိနေမယ်ဆိုရင် လောကမှာလူသားတွေအဖို့ မည်မျှချမ်းမြေ့မလဲဆိုတာတွေးကြည့်ရင် အဖြေမှန်ကအဆိုးမဟုတ်သောအကောင်းဖြစ်တယ်ပေါ့။ ဒါကြောင့် မူးလွန်နေတဲ့အမျိုးသမီးက ပျက်ရင်အစဉ်ပြင်ရင်ခဏဆိုတဲ့ဆိုထုံးလုလုလေးကိုလက်ကိုင်ထားပြီး နေမဝင်ခင်တရားမြင်က အစဉ်သူမြတ်ဖြစ်လက်မလွဲရယ်မို့ တစ်ခွက်သောက်ရင်ဆေးဆိုတဲ့အရက်ကိုမသောက်တော့ဘဲ ဘယ်သူတွေဘာဘဲပြောပြော မေတ္တာခေတ်၏သွားရာသည် တစ်ကယ်ကိုဘဲအေးလေရော့သလားဖြစ်သည်။

အက်ကလိုသိန်း

# စိတ်ဓာတ်မမြင့်လျှမတင့်

အရိုးရင့်လေဥာဏ်ပွင့်လေတဲ့ အရိုးရင့်ပါလျက်နှင့် ဥာဏ်မပွင့်လေတော့ အများတကာရဲ့အလယ်မှာ မျက်နှာညှိုးငယ်စွာနဲ့ အရာရာကိုကောင်းကြောင်းမထူပြနိုင်ဘဲ ကျေနပ်နှစ်သိမ့်နေရခြင်းသည် လူ့လူ့သမိုင်းကြောင်းမှာတွင်ရှိင်းရှိင်းနှင့်သာ ဖြစ်လေမည်။ လူသားတွေဟာ ကောင်းမြတ်သောစိတ်ဓာတ်၊ မြင့်မြတ်သောစိတ်ဓာတ်တွေရှိဖို့လိုအပ်လှပေသည်။စိတ်ဓာတ်နိမ့်ကျနေရင် ဂုဏ်တွေမပွင့်ဘဲဆာလောင်သလို ရင်ထဲမှာဟာတာတာနှင့် ဘာကိုဘာမှမထိုးဖောက်နိုင်ဘဲဖြစ်သည်။ စိတ်ဓာတ်ခိုင်မာပြီးမြင့်နေရင်တော့ ပြိုင်ပွဲတစ်ခုမှာရှုံးမယ်လို့ထင်နေရပါသော်လည်း ရှန်းကန်ရင်းနဲ့အားတွေဖြစ်လာပြီး အရှုံးထဲမှ အနိုင်ဖြစ်သွားတတ်သည်။

လူသားတိုင်း လူသားတိုင်း ရှုံးပန်းပန်တယ်ဆိုတာ ဘယ်သူမှမလိုချင်ကြပေ။အေး––အောင်နိုင်သူအဖို့ ရှုံးပန်းပန်ခြင်းနဲ့ကင်းဝေးကြပေမယ့် ရှုံးနေသူအဖို့ကတော့ အောင်ပန်းနဲ့မနီးစပ်တာကိုဘဲ ဝမ်းနည်းစရာအကြောင်းတစ်ခုဖြစ်လာတော့သည်။ ရှုံးတိုင်းနှင့် လူဖျင်းလူဘိန်းလို့ဆိုရမှာလားမဟုတ်ပါ။ ပြိုင်ပွဲတစ်ခုမှာ အရှုံးနှင့်အနိုင်နှစ်မျိုးသာရှိတဲ့အတွက် မည်သူမဆိုအနိုင်ရချင်တာချည်းဖြစ်သည်။

အနိုင်တွေကိုရရှိဖို့ စိတ်ဓာတ်ရေးရာမှာလိုအပ်နေသလို ကြိုးစားမှုအပေါ်မှာလည်းမူတည်လိမ့်မည်ဖြစ်သည်။ ကမ္ဘာမှာ အမေရိကတို့ဟာကောင်းသောစိတ်ဓာတ်၊ မြင့်မြတ်သောစိတ်ဓာတ်တွေတအားရှိနေလေတော့ ကမ္ဘာကြီးတစ်ခုလုံးကိုစိုးမိုးနေတာဟာ အားကျဖို့ကောင်းလှပေသည်။ ဆင်းရဲနွမ်းပါးနေတဲ့လူတွေကိုသနားတဲ့စိတ်ဓာတ်၊ ဒုက္ခရောက်နေတဲ့လူတွေကို ကူညီရိုင်းပင်းချင်တဲ့စိတ်ဓာတ်တွေအပြည့်အဝရှိပြီး မကောင်းဆိုးဝါးတဲ့လူတွေကို မကောင်းကောင်းလာအောင် အမျိုးမျိုးပြုပြင်ဆောင်ရွက်သွားကြတယ်။ ပြုပြင်ဆောင်ရွက်လို့ဘယ်နည်းနှင့်မှမရတော့သောအဆုံး လက်လျှော့ကာနှိမ်နင်းစတမ်းပြုလုပ်လာတော့သည်။ ရန်သူကိုနှိမ်နင်းတဲ့အခါမှာ ပြတ်ပြတ်သားသားနှိမ်နင်းဖို့သည် ဝန်မလေးနိုင်သောစိတ်ဓာတ်မျိုးရှိလှပေသည်။ သနားသင့်ရင်သနားပြီး ကူညီသင့်ရင်ကူညီကာ နှိမ်နင်းစရာလိုအပ်လာရင်တော့ ပြတ်သားစွာဖြင့်နှိမ်နင်းတတ်တဲ့အမေရိကတို့၏စိတ်ဓာတ်သည် အားကျစရာတကယ်ကောင်းလွန်းလှပေသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံကတော့ ကောင်းမွန်တဲ့စိတ်ဓာတ်၊ မွန်မြတ်တဲ့စိတ်ဓာတ်တွေမရှိသည့်အပြင် ဒုက္ခရောက်နေတဲ့ကိုယ့်လူမျိုးအချင်းချင်းကိုတောင် ကူညီရိုင်းပင်းနေရမယ့်အစား တိုင်းတပါးသားကိုလုံခြုံရေးယူပေးခြင်းဖြင့် ကိုယ့်အမျိုးရဲ့အသက်ကိုတောင်မငဲ့နိုင်တော့ခြင်းဖြစ်သည်။ ကိုယ့်နိုင်ငံသူနိုင်ငံသား၏အသက်တစ်ချောင်းသည် ကြက်တစ်ကောင်လောက်သာတန်ဖိုးမထားဘဲ မဆုံးရှုံးသင့်မဆုံးရှုံးထိုက်တာကိုဆုံးရှုံးသွားရခြင်းသည် ဒီထက်ကြီးမားသောဝမ်းနည်းစရာကား ဘယ်လိုနေရာမျိုးမှာ သွားပြီးဖွေရှာရနိုင်ပါလေအံ့။

တကယ်တော့ လူသားတိုင်းလူသားတိုင်းဟာ ကိုယ့်လူမျိုးကိုမဆိုထားပါဘိ တိရစ္ဆာန်ဖြစ်နေတဲ့ခွေးအချင်းချင်းကိုက်တာတောင်မှ ကိုယ့်ခွေးကိုကိုယ်နိုင်လိုချင်တဲ့စိတ်သည်ရင်ထဲမှာကိန်းအောင်းနေသလို အမျိုးကိုချစ်တဲ့သူတိုင်း ကိုယ့်လူမျိုးဘက်ကိုရပ်တည်ရမှာဖြစ်သည်။ အမျိုးကိုချစ်တဲ့စိတ်ကင်းမဲ့နေတဲ့လူတွေဟာ ကိုယ့်အမျိုးလုပ်ရပ်တွေမည်သို့ပင်မှန်စေအုံးတော့ အမျိုးမျိုးအဖုံဖုံရှာကြံပြီး အပြစ်မရှိအပြစ်ရှိအောင်ဖန်တီးဆောင်ရွက်ဖို့ဆိုတာ ဝန်လေးနိုင်စရာမရှိဘဲ လောကမှာအရာရာကိုစိုးမိုးနိုင်မှ ပွဲလယ်တင့်တယ်ဆိုတဲ့ဆန့်ကျင်ဘက်အတွေးသစ်အမြင်သစ်နဲ့ အမြဲတမ်းပျော်နေမည်မှာဖြစ်သည်။

ဝမရှိရင်ဝိမလုပ်ပါနဲ့၊ ဝမရှိဘဲဝိလုပ်နေရင် လူသားတိုင်းမွေးရာပါအခွင့်အရေးကိုသွားထိခိုက်တတ်သည်။ လူသားတို့၏မွေးရာပါအခွင့်အရေးကိုထိခိုက်လာသောအခါမှာ ကောင်းရာမမြင်အဆိုးထင်လာတော့ ပရမ်းပတာဖြစ်လေရော့ပါလေလား။ ဖွံ့ဖြိုးရေးကိုအကြောင်းပြုပြီး လူ့အခွင့်အရေးအား ချိုးနှိမ်သွားတာကိုတော့ ကောင်းသောအကျိုးသက်ရောက်မှုသည် မရှိသလောက်နည်းပါးသွားလေမည်ဖြစ်သည်။ ဖွံ့ဖြိုးရေးအတွက်ဆိုပြီး အများအကျိုးဖြစ်ထွန်းမှု ဘာတစ်ခုမှမရှိဘူးဆိုရင် အဖြစ်ဆိုးတွေက ပို၍ပို၍များပြားလေလေဖြစ်မည်။

အဖြစ်ဆိုးတွေသည်းလေလေ လူ့အခွင့်အရေးထိခိုက်လေလေဖြစ်သည်။ လူ့အခွင့်အရေးကိုတအားကြီးထိခိုက်လာသောအခါမှာတော့ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုရည်မှန်းတဲ့အတိုင်း ချောမောစွာအလွယ်တကူမဖြစ်လာနိုင်ဘဲ မထင်မှတ်သောအဟန့်အတားတွေဖြစ်စေလာနိုင်ခြင်းဖြစ်သည်။ အဟန့်အတားဖြစ်လာသောအခါမှာ သူတစ်ပါးအကျိုး ကိုယ့်အကျိုးဆိုတာမမြင်နိုင်တော့ဘဲအတ္တကိုသာရှေ့ရင်းပေးပြီးယိမ်းယိုင်သွားလေတော့မမျှော်လင့်သောအဖြစ်တွေသွားပုတ်လေလွှင့်လို့ယူကြုံးမရသောအဖြစ်လေးရယ်က တစ်သီတစ်တန်းပေါ်လာလေပြီး နစ်နာနေရမှာ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးကသာဖြစ်သည်။

မန္တလေးသဘော်ဆိပ်မှာ စိတ်မသက်သာတဲ့နော်ဝေးဘုရင်ကြီးကိုအားကျလို့ ပွဲကြိုက်နေပြီလား၊ မီးခဲပြာဖုံးလို့ အပြုံး

ပန်းတွေတဝေဝေလန်းနေမယ့်အစား အမုန်းပန်းတွေအတိုင်းအဆမပြနိုင်အောင်နွမ်းနေတာကိုဘဲယူကြုံးမရမိတာ ရင်ထဲမှာဟာသွားပါပြီး။ စိတ်ရွှင်ရွှင်နဲ့မငိုတတ်မရီတတ်တဲ့မျက်လုံးအိမ်ဟာ လူပုံအလယ်မှာမတင့်တယ်တာကိုဘဲဝမ်းနည်းပါလေရက်။

ဖြောင့်ဖြောင့်သွားသောနွားလားသည် နောက်လိုက်နွားတွေကဖြိုးဖြောင့်စွာနဲ့လိုက်သွားတတ်ပေသည်။ ကွေ့ကောက်စွာသွားနေတတ်သောနွားလားကိုတော့ ကောင်းမကောင်းဆင်ခြင်တုံကင်းမဲ့ပြီး နောက်လိုက်သောနွားတွေကဖြိုးဖြောင့်စွာလိုက်သွားဖို့နေနေသာသာ ဝင်္ကဘာလမ်းခင်းနေတာကိုဘဲ စိတ်မချမ်းသာစရာဖြစ်တာတွေကို ပြောလို့ကောကောင်းပါသေးရဲ့လား။ မင်းသားကြီးကဘီလူးဖြစ်နေမှတော့ ဟာသလူရွှင်တော်တွေပေါ်ရိသာဒဖြစ်တာကို တစ်ကယ်တော့မဆန်း။

ခုလည်းကြည့်ကြပါလေအုံး။မြို့ကြီးပြကြီးဖြစ်တဲ့ရန်ကုန်၊ မန္တလေးတွေတောင်မှ လမ်းဘေးမှာတဲထိုးပြီးအိုးမဲ့အိမ်မဲ့အဖြစ်နဲ့ဘဝကိုရုန်းကန်နေရတဲ့အချို့သောမြန်မာပြည်သူပြည်သားတွေဘယ်လောက်သနားဖို့ကောင်းသလဲဆိုတာတွေးကြည့်ရင်ဝမ်းနည်းစရာဖြစ်လာသည်။ အေး–လူမှုအကျိုးပြုတဲ့အဖွဲ့အစည်းတွေ ဘယ်လိုပင်ကူညီပံ့ပိုးစေကာမူ အရေအတွက်များလေတော့ လူတလုံးသူတလုံးဖြစ်အောင်မဆောင်ရွက်နိုင်ဘဲ တတ်နိုင်သလောက်သာကူညီပေးနိုင်တာကိုဘဲ လူမှုအကျိုးပြုအဖွဲ့အစည်းကိုအများကြီးကျေးဇူးတင်ရပေမည်။ မြို့ပြအနေဖြင့် ဤသို့သောမြင်ကွင်းမျိုးရှိနေလေတော့ ကျေးလက်တောရွာမှာဆိုရင်(သို့)ညီနောင်တိုင်းရင်းသားတို့ပြည်နယ်မှာရှိတဲ့ကျေးလက်နေပြည်သူတွေအဖို့မတွေးထင်ဝံ့အောင်ဖြစ်လေသည်။ အားလုံးသောဒီပြည်သူတွေကိုအတိုးနည်းအိမ်ယာတွင်နေရာချထားပေးဖို့ဆိုတာ ပါးစပ်ကအော်ချင်သလိုအော်တစ်ကယ်တမ်းကျတော့ကနေ့အထိသာအကောင်အထည်မဖေါ်လာနိုင်ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံမှာဆိုရင် အလုပ်လက်မဲ့ပြဿနာအတွက်နှင့် အများပြည်သူတွေဒုက္ခမရောက်စေချင်တဲ့ဆန္ဒဖြင့်လုပ်ငန်းဌာနတစ်ခုမှာ အလုပ်ချိန်တွေကိုနာရီပိုင်းနှင့်ခွဲဝေပေးပြီး အလုပ်ဝင်ခိုင်းနေတာကိုကော သတိမူပြီးမဆိုင်သလိုလိုနဲ့ရာဇဝင်ပြုအမြည့်နေနေတုံးဘဲလား။ နိုင်ငံတော်ကိုချစ်ရင် နိုင်ငံသားကိုလည်းသနားပါ။ ကိုယ့်နိုင်ငံသားဆင်းရဲနေတာကိုမနှစ်မြို့မိပါစေနဲ့။ နိုင်ငံသားချမ်းသာရင် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်နေမှာပါ။ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်မှသာယာမှာပေါ့။ နိုင်ငံတော်ကြီးအေးချမ်းသာယာသွားရင် ရွှေမြန်မာဆိုတဲ့စကားနှင့်ညီထွေမှုရှိမှာပေါ့။ အခုတော့ရွှေမြန်မာဆိုပြီး ပြည်သူပြည်သားတွေက လမ်းဘေးမှာအိုးမဲ့အိမ်မဲ့အဖြစ်နဲ့နေရသေးတယ်ဆိုတော့ ပြဒါးတစ်လမ်းသံတစ်လမ်း ရေနဲ့ဆီလိုတစ်ခြားစီ အမြင်မကြည်လင်ဘဲ ပီယဝါစာချစ်ဖွယ်ရာနားဝင်ချိုသာဖို့ဆိုတာ မနီးစပ်သေးဘူးလို့ ဆိုရလေအုံးမည်ဖြစ်သည်။

နော်ဝေးဘုရင်ကြီးဟာ ဆင်းရဲမွဲတေနေတဲ့မြန်မာပြည်သူတွေ မူလစိတ်ရင်းဖြူစင်ကောင်းမွန်စွာနဲ့ ကူညီပံ့ပိုးထောက်မပေးနေမဲ့အစား အရှက်တွေတဝေဝေနဲ့မကြည်သာသောစိတ်ဖြင့် သဒ္ဒါတရားတွေမဖြန့်နိုင်တော့ဘဲ ဝမ်းနည်းပက်လက်အဖြစ်ဆိုးနှင့်ဘဲရောင့်ရဲနေရတာကို လူတွေမသိကြမမြင်ကြပေမယ့် နတ်ကောင်းနတ်မြတ်တွေကတော့ သိမှာသေချာသလောက်ဖြစ်သည်။ ဒီလိုနဲ့ဆိုရင်အနေကြာတော့ ရွှေမြန်မာဟာ မဖြေသာသောအဖြစ်မျိုးနဲ့အကျည်းတန်လွန်းတဲ့ပန်းချီကားတစ်ချပ်လိုမဖြစ်ဖို့ အနေသင့်ရင်ရွှေတစ်ရစ်မြတစ်ရစ်နဲ့အပြောလှယ်သလောက်ခက်ပေလိမ့်မည်ဖြစ်သည်။

ကိုယ့်လူမျိုးတိုးတက်နေမယ်ဆိုရင်၊ကိုယ့်လူမျိုးချမ်းသာနေမယ်ဆိုရင် ရှက်ဖို့မလိုအပ်လှပေ။ ကိုယ့်လူမျိုးလူလိမ်လူညာသူခိုးမဖြစ်တာကိုဘဲဂုဏ်ယူရမှာဖြစ်သည်။ အမှားတရားဟာဆင်းရဲမှုဖြစ်ပေမယ့် အမှန်တရားဟာချမ်းသာမှုကိုပေးဆောင်နိုင်တယ်။ ချမ်းသာမှုကိုဆင်းရဲတယ်ဆိုပြီး အမှန်ကိုအမှန်အတိုင်းမဖော်ပြရဲတော့ အမှန်ကနေအမှားဖြစ်ပြီး ဒုက္ခဖြစ်သွားတော့တယ်။

အမှန်ကနေအမှားဖြစ်ပြီး ဖြစ်ပေါ်လာသောဒုက္ခသည် ကောင်းသောအသွင်နဲ့ ဘယ်လိုမှမကျန်ရစ်နိုင်ခဲ့ခြင်းဖြစ်သည်။ မှားနေတာကို အမှန်ရောက်အောင်ကြိုးစားပြီး ဖြစ်ပေါ်လာသောချမ်းသာမှုသည် ကောင်းသောသမိုင်းတွင်ကျန်နိုင်မည်မှာဖြစ်သည်။ မှားနေတဲ့အမှားတစ်ခုကိုဆက်မမှားဘဲ အမှန်ဘက်ကိုရောက်အောင်ဆောင်ရွက်နိုင်ဖို့သည် အင်မတန်မှအရေးကြီးသောလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ အမှားကြီးကြီးနဲ့အမှန်ကြီးကြီးဟာ အများကအမှန်ကြီးကြီးကိုအားကျနှစ်ခြိုက်ကျပြီး အမှားကြီးကြီးကိုတော့ မချဉ်မငံမျက်ကွယ်ပြုသွားမည်မှာဖြစ်သည်။

ရှေ့ဆောင်နွားလားဖြောင့်ဖြောင့်သွားနေမယ်ဆိုရင် နောက်လိုက်နွားတွေကလည်းတဖြောင့်တည်းသွားပြီး လိုရာကိုရောက်လွယ်လှပေ၏။ ရှေ့ဆောင်နွားလားမဖြောင့်သွားနေမှတော့ နောက်နွားတစ်သိုက်လည်း ဒုက္ခဝင်္ကဘာထဲမှာပတ်ချာလည်ရင်းနဲ့ လိုရာကိုမရောက်နိုင်တော့ဘဲနေရောင်တောင်စွယ်မှာကွယ်ပြီး အမှောင်ထဲမှာစမ်းတဝါးဝါးနဲ့ အလင်းတန်းကိုယ်စီမျှော်နေကြပါသော်လည်း တစ်ကယ်တော့ဒုက္ခ၏ညတာသည်ရှည်လျားထွေပြားလေခဲ့ရာ တဝဲလည်လည်ကြာမြေ့စွာရင်ဆိုင်ရုန်းကန်နေရပြီး ကျော်လွှားနိုင်ဖို့ဆိုတာခဲယဉ်းပေအုံးမည်ဖြစ်သည်။

အကောက်ရှိရင် အဖြောင့်ရှိရမယ်။ အကောက်နှင့်အဖြောင့်နှစ်ခုဟာ အကောက်ကိုအားမကျမိဖို့လိုအပ်လှပေသည်။ အကောက်ကိုမုန်းတီးပြီး အဖြောင့်ကိုလိုချင်ပါတယ်ဆိုရင်စာရိတ္တပိုင်းနှင့်နီးနွယ်လာနေပြီဖြစ်တဲ့အတွက် စာရိတ္တပြုပြင်ဖို့လိုအပ်လှပေသည်။ လူဆိုတာစာရိတ္တကောင်းဖို့ဟာ အရေးကြီးဆုံးသောအသက်ရှင်ခြင်းတစ်ခုဖြစ်တယ်။ အသက်ရှင်သန်ပါလျက်နှင့် စာရိတ္တတွေပျက်ပြားနေမယ်ဆိုရင် လူ့ကမ္ဘာတွင်ရှင်သန်ခြင်းသည် သေတာနှင့်မခြားနားလှပေသည်။

လူတစ်ယောက် ဘယ်လောက်ဘဲတော်တော် စာရိတ္တမကောင်းရင် အမှန်ထဲကအမှားဖြစ်သွားတတ်တယ်။ စာရိတ္တကောင်းပါတယ်ဆိုရင်တော့ မှားပေသည်ထားပါအုံး၊ သို့မဟုတ် ရှုံးပေသည်ထားပါအုံး၊အမှားထဲကအမှန်ဖြစ်ပေါ်လာပြီး သို့မဟုတ် အရှုံးထဲကကြိုးပမ်းရင်းနဲ့ အနိုင်ရလာတတ်လေသည်။ ဒါကြောင့် ရှည်လျားထွေပြားနေတဲ့ဒုက္ခညတာသည် ကောင်းသောစာရိတ္တဖြင့် စိတ်ဓာတ်ရေးရာကြံ့ခိုင်မှုရှိနေပါလျှင် အားလုံးမျှော်လင့်တောင့်တနေတဲ့အာရုဏ်ဦး၏လင်းရောင်ခြည်သည်ဘွားကနဲပေါ်ပေါက်လာပေမည်ဖြစ်သည်။

တစ်ကယ်တော့ဒုက္ခတရား၏မျှော်လင့်ခြင်းနှင့်တောင့်တခြင်းသည် အလိုရမ္မက်တစ်ခုဖြစ်သည်။ အလိုရမ္မက်မပြည့်မချင်း အချိန်ကာလအတိုင်းအတာတစ်ခုသည် မကုန်ဆုံးနိုင်တော့သလို ကြာမြေ့စွာရှည်လျားတတ်ပါသည်။ အေး–သုခ၏အလိုကာလအတိုင်းအတာကိုတော့မကုန်ချင်ပေမယ့် ကုန်လွယ်နိုင်ခြင်းသည် နမြောတသစွာနဲ့ထာဝရပိုင်ဆိုင်လိုပါလည်းဆန့်ကျင်ဘက်သဘောတရားနှစ်ခု၏သွားရာလမ်းသည် တစ်ခုကဒုက္ခတာအဖြစ်နဲ့တိုစေလိုပြီး တစ်ခုကသုခတာအဖြစ်နဲ့ရှည်စေလိုပေမယ့် လွန်ဆန်လို့မရနိုင်သောလောကနိယာမသဘောတရားရယ်မို့အမျိုးကိုချစ်တိုင်းပြည်ချစ်ပြီး နိုင်ငံတော်ကြီးကိုခေတ်မှီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးတစ်ရပ်ဖြစ်အောင်ဝိုင်းဝန်းပြီး သူသူငါငါ အကောက်ကိုကြဉ် အဖြောင့်ဆင်ပြီး နှိုးနှိုးကြားကြား ကြိုးကြိုးစားစားနဲ့ဆောင်ရွက်ကြစို့လား––––––။

အာကာမောင်မောင်

# ယနေ့လူငယ်များနှင့်တပိုင်းတစပညာ

ယနေ့များစွာသောလူငယ်တို့သည် မူလတန်းပညာအဆင့်(သို့မဟုတ်)အလယ်တန်းပညာအဆင့်ဖြင့် ကျောင်းထွက်အလုပ်လုပ်နေရကြသည်။ ဤကဲ့သို့တပိုင်းတစပညာဖြင့် ကျောင်းထွက်အလုပ်လုပ်ကြသူများသည် များသောအားဖြင့် ကျေးလက်ဒေသတွင်နေထိုင်ကြသည့်လူငယ်များဖြစ်ကြသည်။ စာမတတ်သူနည်းပါးသွားသော်လည်း တပိုင်းတစပညာဖြင့် ကျောင်းထွက်အလုပ်လုပ်သည့်လူငယ်များ တနေ့တခြားတိုးပွားများပြားလာသည်ကိုတွေ့ရှိရသည်။ လူငယ်များ တပိုင်းတစပညာဖြင့် ကျောင်းထွက်ရခြင်း၏အကြောင်းရင်းမြစ်ကိုလေ့လာမည်ဆိုလျှင် များသောအားဖြင့် မိဘများငွေကြေးအဆင်မပြေမှုများကြောင့်ဖြစ်သည်ကိုတွေ့ရှိရသည်။

ကျမတို့နေထိုင်သည့်မြို့နယ်သည်ကျယ်ပြန့်ပြီး ကျေးရွာပေါင်းများစွာရှိသည့်မြို့နယ်တစ်ခုဖြစ်သည်။ ဤမြို့နယ်အတွင်း၌ အလယ်တန်းကျောင်းတစ်ကျောင်းနှင့် တွဲဘက်အထက်တန်းကျောင်းတစ်ကျောင်းသာရှိပြီး များစွာသောကျေးလက်ဒေသများ၌မူ မူလတန်းအဆင့်ရှိကျောင်းများသာရှိကြသည်။ ထို့ကြောင့် မူလတန်းကျောင်းသာရှိသည့် ကျေးလက်ဒေသမှလူငယ်တို့သည် မူလတန်းအဆင့်အောင်မြင်ပြီး အလယ်တန်းဆင့်ပညာကိုဆက်လက်ဆည်းပူးသင်ယူလိုက အလယ်တန်းကျောင်းရှိသည့်နေရာဒေသသို့သွားရောက်ကာဆက်လက်၍ပညာကိုသင်ယူကြရသည်။ ထို့နည်းတူ အထက်တန်းပညာကိုဆက်လက်သင်ယူလိုပါက မိမိတို့ရပ်ရွာနှင့်ဝေးကွာလှသည့်အထက်တန်းကျောင်းရှိသည့်နေရာဒေသသို့သွားရောက်ကာပညာသင်ယူကြရသည်။ ဤကဲ့သို့ မိမိတို့ရပ်ရွာမှအလယ်တန်းကျောင်း၊ အထက်တန်းကျောင်းရှိသည့်နေရာဒေသသို့သွားရောက်ပညာသင်ယူမည်ဆိုလျှင် ကျောင်း၌ကုန်ကျစရိတ်၊ စားစရိတ်၊ အထွေထွေကုန်ကျစရိတ်များ၊ များစွာကုန်ကျမည်ဖြစ်၍ မိဘတိုင်း သားသမီးတို့အား ဆက်လက်ပညာသင်ကြားစေရန်မတတ်နိုင်ကြ။ ထို့ကြောင့် သားသမီးတို့အား ပညာတပိုင်းတစဖြင့် ကျောင်းမှထုတ်ကာအလုပ်လုပ်စေပြီး မိဘတို့၏စားဝတ်နေရေးကိုကူညီဖြည့်စွမ်းစေခဲ့ကြသည်။ ဤသို့ဖြင့် ပညာတပိုင်းတစဖြင့် ကျောင်းထွက်အလုပ်လုပ်ကြသည့်လူငယ်များ တနေ့တခြားများပြားလာရခြင်းဖြစ်လေသည်။

မြန်မာနိုင်ငံ၏အခမဲ့ပညာရေးစနစ်သည် ကျေးလက်ဒေသသို့ရောက်ရှိလာပါသော်လည်း ရယူခြင်းနှင့်ပြန်ပေးရခြင်းသည်ညီမျှမှုမရှိပါ။ အခမဲ့စာအုပ်သယ်ခ၊ ကျောင်းဝင်ကြေး၊ အားကစားကြေး၊ လပတ်စာမေးပွဲဝင်ကြေး၊ နှစ်ဝက်စာမေးပွဲဝင်ကြေး၊အကြိုစာမေးပွဲဝင်ကြေး၊ အတန်းတင်စာမေးပွဲဝင်ကြေး၊ ကျောင်းလခ၊ မဝယ်မနေရအထူးထုတ်၊ မဝယ်မနေရဗလာစာအုပ်နှင့်အခြားအထွေထွေကုန်ကျစရိတ်များအပြင် ကျူရှင်ခ၊ စားစရိတ်များပါထည့်တွက်မည်ဆိုလျှင် တနှစ်တာကျောင်းသားတစ်ဦး၏ကုန်ကျငွေပမာဏသည် များပြားလှသဖြင့် ငွေရေးကြေးရေးအဆင်မပြေသည့် မိဘများ မည်သို့မျှ သားသမီးအားပညာဆက်လက်သင်ကြားစေရန်မတတ်နိုင်ကြ။ အချို့သောမိဘများသည် သားသမီးများအား စာတတ်စေချင်လွန်း၍ မူလတန်းပညာ(သို့မဟုတ်)အလယ်တန်းပညာအဆင့်ထိတတ်မြောက်စေရန် အခက်အခဲများစွာကြားမှ ရုန်းကန်လှုပ်ရှားကာ ပညာသင်ကြားစေသော်လည်း အထက်တန်းပညာအဆင့်သို့ဆက်လက်သင်ကြားစေရန် ကုန်ကျမှုများကြောင့် မိဘတို့အတွက်များစွာအခက်အခဲဖြစ်စေသည်။ ထို့ကြောင့် မိဘတို့သည်သားသမီးတို့ကိုတပိုင်းတစပညာဖြင့်ကျောင်းမှထုတ်ကာ မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားစသည့်နိုင်ငံများသို့စေလွှတ်ကာအိမ်ဖော်အလုပ်ကိုလုပ်စေခဲ့သည်။ မိဘတို့သည် မိမိတို့၏စားဝတ်နေရေးအဆင်မပြေမှုများကြောင့် အဆင်ပြေလာစေရန် ငွေရေးကြေးရေးရရှိစေရန် တစ်ခုတည်းသောမျှော်လင့်ချက်ဖြင့်သားသမီးတို့အား တပါးနိုင်ငံသို့စေလွှတ်ကြသည်။ ဖြစ်လာတတ်သည့်နောက်ဆက်တွဲပြဿနာများကိုမမြင်ကြ။ တွေးခေါ်ခြင်းမရှိကြ။ စေလွှတ်ခံသားသမီးတို့လည်း တပိုင်းတစပညာအတွေးအခေါ်အသိအမြင်မျိုးသာရှိသဖြင့် ဖြစ်လာနိုင်ဖွယ်ရှိသည့်ပြဿနာအရပ်ရပ်ကိုမတွေးမခေါ်တတ်ကြသဖြင့် ရင်နာဖွယ်ကောင်းသည့်ဖြစ်ရပ်များနှင့် ကြုံတွေ့ရသည့်သမီးငယ်များ အကြောင်းရင်းမှန်ကိုမသိရှိရဘဲအသက်ဆုံးရှုံးသွားရသည့်သားငယ်များဒဏ်ရာအနာတရဖြင့်ပြန်လာသည့်သူများရှိသကဲ့သို့ ငယ်ငယ်ရွယ်ရွယ်ဖြင့်အိမ်ထောင်ကျ၊ အိမ်ထောင်ကွဲများလည်းရှိကြသည်။ သို့သော် အချို့မှာမူ မိဘထံငွေကြေးများပို့နိုင်ကြသည်။ ဤငွေပို့နိုင်သည့်သူများကိုသာမြင်ကြပြီး ပြဿနာဖြင့်ပြန်လာကြရသည့်သူများကိုမမြင်ကြသဖြင့် ယခုလက်ရှိအချိန်တွင် တပိုင်းတစပညာဖြင့်ကျောင်းမှထွက်ကာသွားကြမည့်လူများ အများအပြားပင်ရှိနေသေးသည်။

မည်သို့ပင်ဖြစ်စေ အဓိကအကြောင်းအရင်းမှာ ငွေရေးကြေးရေးအဆင်မပြေမှုများကြောင့် ဆင်းရဲဒုက္ခတွင်းမှလွတ်မြောက်လိုခြင်းပင်ဖြစ်သည်။ ယခုဆိုလျှင်တပါးနိုင်ငံသို့စေလွှတ်ပြီး အိမ်ဖော်(သို့မဟုတ်)အောက်ခြေအလုပ်များကိုလုပ်စေကာ ငွေပို့နိုင်သည့်သားသမီးများကို အခြားသောမိဘတို့က မိမိတို့၏သားသမီးများကိုလည်း ငွေပို့နိုင်သည့်သားသမီးများနည်းတူ မိမိတို့ထံ၌လည်းငွေပို့နိုင်ရန်မျှော်လင့်ခြင်းများစွာဖြင့်စေလွှတ်ကြသည်။ အချို့သောသူတို့သည်သွားသည့်ကာလကြာသော်လည်းငွေမပို့နိုင်ကြသဖြင့် မိဘတို့၏ညည်းတွားအပြစ်ဆိုမှုများကို ကျမနားနှင့်မဆံ့ ကြားနေကျဖြစ်သဖြင့် ကျမအဖို့အ

ဆန်းတကြယ်မဖြစ်တော့၊ အားလုံးကိုခြုံကြည့်မည်ဆိုလျှင် တပိုင်းတစပညာသည်တို့သည်ကျောင်းမှထွက်ကာ အိမ်ဖေါ်(သို့မဟုတ်)အောက်ခြေအလုပ်များဖြင့် ကံစမ်းကြသည်။ ကံကောင်းသူများရှိသကဲ့သို့ ကံမကောင်းသူများလည်းရှိကြမည်။ ကံစမ်းမဲဟူသည်ပေါက်မဲနည်းပါးလှသဖြင့် လူတိုင်းမပေါက်ကြ။ ကံစမ်းမဲဈေးကွက်ခေတ်စားနေချိန်ဖြစ်သဖြင့် တပိုင်းတစပညာအဆင့်ရှိလူငယ်လူရွယ်တို့လည်း တပါးနိုင်ငံသို့သွားရောက်အလုပ်လုပ်ခြင်းဖြင့် ကံစမ်းကြခြင်းဖြစ်သည်ဟုဆိုရပေမည်။

ယနေ့လူငယ်လူရွယ်တို့သည် နောင်တစ်ချိန်၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့၌ ဦးစီးဦးဆောင်မည့်သူများဖြစ်သည်။ အကောင်းအဆိုးကိုဝေဖန်ပိုင်းခြားဖြေရှင်းပေးနိုင်မည့်သူများဖြစ်သည်။ဦးစီးဦးဆောင်မှု၌၎င်း၊ စီမံကွပ်ကဲမှု၌၎င်း အောင်မြင်သောခေါင်းဆောင်ကောင်းများဖြစ်လာရန်အတွက် အဆင့်မြင့်ပညာတတ်မြောက်ရန်လိုအပ်ပေသည်။ တပိုင်းတစပညာဖြင့်ဦးစီးဦးဆောင်မည်ဆိုလျှင် အောင်မြင်မှုရရှိနိုင်ချေပို၍နည်းပါးမည်ဖြစ်သည်။ လူတိုင်း၌အတ္တကိုယ်စီရှိကြသည်။ သို့သော် အတ္တနှင့်ပရဟိတစိတ်ဓာတ်ကိုခွဲခြားစိတ်ဖြာပြီး ပရဟိတစိတ်ဓာတ်ဖြင့် မိမိတို့၏တိုင်းပြည်နှင့်လူမျိုးအတွက် အားကျိုးမာန်တက်ဆောင်ရွက်မည့်သူများ များစွာပေါ်ပေါက်လာရန်လိုအပ်ပေသည်။ ထို့နောက် ကျေးလက်ဒေသရှိလူငယ်လူရွယ်တို့၏ပညာရေးကိစ္စများကို အလေးထားဂရုပြုစေလိုကြပါသည်။ သို့မှသာ လူငယ်လူရွယ်တို့သည်မူလတန်းဆင့်၊ အလယ်တန်းဆင့်၊ အထက်တန်းဆင့်မှတက္ကသိုလ်အဆင့်ထိတက်လှမ်းနိုင်မည်ဖြစ်သည်။ ဤကဲ့သို့ ပညာအဆင့်ဆင့်သို့တက်လှမ်းနိုင်ရန် မိဘတို့ကအဆင့်ဆင့်ရှိသည့်ပညာရေးလှေခါးကိုထောင်ပေးရမည်ဖြစ်သည်။ မိဘများသားသမီးများအတွက် ပညာရေးလှေခါးထစ်များကိုထောင်ပေးနိုင်ရန်အတွက် မိဘတို့ကိုယ်တိုင်သည်လည်း ဆင်းရဲခြင်းတွင်းထဲမှလွတ်မြောက်ရန်လိုအပ်ပါသည်။ ထို့ကြောင့် ဤဆင်းရဲခြင်းတွင်းထဲမှ မိဘတို့ကိုကယ်တင်နိုင်ရန်အတွက် လူတိုင်းပရဟိတစိတ်ဓာတ်ဖြင့်ဝိုင်းဝန်းကူညီပြီး ဆင်းရဲခြင်းတွင်းထဲသို့ လှေခါးလေးချပေးမည်ဆိုလျှင် ဆင်းရဲခြင်းတွင်းထဲမှလွတ်မြောက်ပြီး မိမိတို့၏သားသမီးများအတွက်လည်း ပညာရေးလှေခါးများပြုလုပ်ထောင်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ယနေ့လူငယ်လူရွယ်တို့ ပညာရေးကိုဆုံးခန်းတိုင်အောင်သင်ကြားနိုင်ရန်အတွက် ပညာရေးလှေခါးနှင့် မိဘတို့ဆင်းရဲခြင်းတွင်းထဲမှတက်လာနိုင်ရန်အတွက် လှေခါးနှစ်ချောင်းအထူးလိုအပ်ပါသဖြင့် လူတိုင်းလူတိုင်းပရဟိတစိတ်ဓာတ်ဖြင့်ဝိုင်းဝန်း၍ ဤလှေခါးနှစ်ချောင်းကိုတည်ဆောက်ကြပါစို့။

မိဘတိုင်း ဆင်းရဲခြင်းတွင်းထဲမှလွတ်မြောက်ပြီး သားသမီးတို့အားပညာဆုံးခန်းတိုင်အောင်သင်ကြားစေနိုင်ပြီး ချမ်းသာသုခများနှင့်ပြုံးပျော်နိုင်ကြပါစေဟုဆုမွန်ကောင်းတောင်းလျက်-------

ပွင့်မာ(သထုံ)

# အိမ်တွင်းငြိမ်းချမ်းရေးမှသည် --ကမ္ဘာ့ငြိမ်းချမ်းရေးသို့

ကမ္ဘာ့ငြိမ်းချမ်းရေး ပူလောင်နေသောလူထုအစဉ်ကို အေးမြသွားစေသောငြိမ်းချမ်းရေး ထိုငြိမ်းချမ်းရေးကိုမည်သို့ဖော်ဆောင်မည်နည်း။ဤသတ္တဗေဒကမ္ဘာမြေတွင်။

လူတစ်ကိုယ်စိတ်တစ်မျိုးဖြစ်နေသောလောကကြီးတွင် ကမ္ဘာပေါ်ရှိလူတွေအားလုံး၏စိတ်တွေ တသားတည်းဖြစ်စေရန် စွမ်းဆောင်ဖန်တီးပေးနိုင်သောစွမ်းဆောင်ရှင် ယနေ့ထက်တိုင်မပေါ်ပေါက်သေးသည်မှာတော့ အသေအချာပင်ဖြစ်သည်။သို့သော် ထိုသို့သောစွမ်းဆောင်ရှင်ပေါ်ထွက်လာရန်လိုအပ်သည်။ သို့မှသာ ကမ္ဘာမြေကြီးငြိမ်းချမ်းမည်ဟုသင်ထင်ပါလား။ ကျွန်ုပ်၏စိတ်အစဉ်တွင် ၎င်းသည်မလိုအပ်ဟုထင်မိပါသည်။ စစ်မှန်သောငြိမ်းချမ်းရေး၊ မှန်ကန်အေးမြသောငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးသည် မိမိတို့ကိုယ်တိုင်သာ ပြုပြင်ဖန်တီးနိုင်သောအရာပင်ဖြစ်သောကြောင့်ဖြစ်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးဖော်ဆောင်ရန်အသာထား လူသားတို့သည်မိမိနှင့်တစ်ကိုယ်ရည်တစ်ကာယသက်ဆိုင်သောမိမိ၏မိသားစုနှင့်အတူ အိမ်တွင်းငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်ပြီလား။ အိမ်တွင်းငြိမ်းချမ်းရေးမှအဆင့်ဆင့်တက်၍သာ မိမိ၏အနီးအနားလူမှုပတ်ဝန်းကျင်မှသည် ကမ္ဘာ့ငြိမ်းချမ်းရေးကိုဖော်ဆောင်ရမည်ဖြစ်ပေသည်။

အိမ်တွင်းဆူပူအကြမ်းဖက်မှုများတည်ရှိဖန်တီးနေသရွေ့ အမျိုးသမီးများနှင့်ကလေးသူငယ်များဆိုင်ရာ လူ့အခွင့်အရေးများ၊ စာတတ်မြောက်ရေး၊ ပညာတတ်မြောက်မှုလုပ်ငန်းများ စသည်တို့သည် အချို့သောသူများအတွက်ဆုံးရှုံးနေအုံးမည်ဖြစ်သည်။ အိမ်တွင်းဆူပူအကြမ်းဖက်မှုများရှိသောမိသားစုမှ ပေါက်ဖွားလာသောကလေးသူငယ်များ အဘယ်မှာငြိမ်းချမ်းပါအံ့နည်း။ ငယ်ရွယ်စဉ်ကပင် ကြမ်းတမ်းမှုများဖြင့်ခံစားဖြစ်တည်နေရသော၎င်း၏စိတ်အရွယ်ရောက်သောအခါတွင်ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်မည်လား။ ထိုကလေး၏စိတ်နှလုံးသာသည် ငယ်ရွယ်စဉ်ကပင် ခက်ထန်ကြမ်းတမ်းနေပြီးဖြစ်သည်။ ထိုသို့အိမ်တွင်းအကြမ်းဖက်မှုပိုမိုများလာလေလေ ငြိမ်းချမ်းရေးဖော်ဆောင်ရာခက်ခဲလေဖြစ်သည်။ အိမ်တွင်းအကြမ်းဖက်မှုကင်းစင်ငြိမ်းချမ်းသော မိသားစုမှမွေးဖွားလာသောကလေးသူငယ်များ၏စိတ်နှလုံးသားသည် နူးညံ့သိမ်မွေ့ငြိမ်းချမ်းမည်ဖြစ်ပေသည်။ မိမိတို့၏အေးချမ်းသာယာသောစိတ်သည်သာလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးဖော်ဆောင်ရန်အခွင့်အလမ်းပင်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးဖော်ဆောင်နိုင်စေရန် အိမ်တွင်းအကြမ်းဖက်မှုကင်းဝေးနည်းပါးအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ အိမ်တွင်းအကြမ်းဖက်မှုနည်းပါးမှသာလျှင် အေးချမ်းသောလူ့ပတ်ဝန်းကျင်ဖြစ်ပေါ်တည်ရှိဖန်တီးနိုင်မှာဖြစ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို စွမ်းဆောင်ရှင်မလိုအပ်ပဲ ဖန်တီးဖော်ဆောင်နိုင်မည်မှာ မလွဲဧကန်ပင်ဖြစ်ပေတော့သည်။

ဒေါ်အေးမြသူ
မူလွန်၊ပျဉ်းမပင်ဆိပ်(၁)

# လက်ရှိငြိမ်းချမ်းရေးလမ်းစဉ်



ငြိမ်းချမ်းရေးဟူသောစကားလုံး၏အနက်အဓိပ္ပါယ်သည် ကျယ်ဝန်းနက်ရှိုင်းလှ၏။ ငြိမ်းချမ်းရေးတွင် နိုင်ငံရေး၊ စီးပွါးရေး၊လူမှုရေး၊ပညာရေး၊ကျန်းမာရေး၊ဘာသာရေးစသည့်ရေးပေါင်းများစွာပါဝင်သည်။ ဤရေးပေါင်းများစွာတို့သည် လိုအပ်ချက်များစွာရှိနေသေးသည်ကိုတွေ့ရှိရသည်။ ထို့ကြောင့်ကျွန်ုပ်တို့လျှောက်လှမ်းနေသည့်ငြိမ်းချမ်းရေးလမ်းသည် စစ်မှန်သည့်ငြိမ်းချမ်းရေးလမ်းဟုမဆိုနိုင်ပေ။

လူတိုင်းမိမိတို့ယုံကြည်သည့်ဘာသာတရားကို လွတ်လပ်စွာကိုးကွယ်ခွင့်ပြုထားသည်ဟုဆိုသော်လည်း(၂၁၊၈၊၂၀၁၅)ရက်နေ့၌ မိဇိုင်းခရစ်ယာန်ဘုရားကျောင်းဝင်းအတွင်း၌ကျူးကျော်ပြီး မြိုင်ကြီးငူဘုန်းကြီးနှင့်အဖွဲ့များဘုရားလာတည်ခြင်းသည် ခရစ်ယာန်ကိုးကွယ်ယုံကြည်သူများအားစော်ကားခြင်း၊ မထီမဲ့မြင်ပြုခြင်းသာဖြစ်သည်။ မြိုင်ကြီးငူဘုန်းကြီးသည် သခ်ိန်းဝတ်ခြုံထားသည့်စစ်အာဏာရှင်တစ်ဦးလော။ သို့မဟုတ် နောက်ကွယ်၌ကြိုးကိုင်ဖိအားပေးသည့်အင်အားကောင်းအဖွဲ့အစည်းတစ်စုရှိနေခြင်းကြောင့်လော။ လန်ဒန်ဆရာတော်ဘုန်းကြီးများခွင့်ပြုမိန့်မယူမိ၍ လာရောက်သိတင်းသုံးနေထိုင်ခြင်းကိုဖမ်းဆီးချုပ်နှောင်ထားကြောင်း ဂျာနယ်ထဲ၌ဖတ်ရှုရသည်။ သို့ဆိုလျှင် ခရစ်ယာန်ဘုရားဝင်းအတွင်း ကျူးကျော်ဘုရားလာတည်ခြင်းသည်ခွင့်ပြုမိန့်ရရှိခြင်းကြောင့်လော။ ခွင့်ပြုမိန့်ရလျှင် မည်သူတို့ကခွင့်ပြုထားသနည်း။ ခွင့်ပြုမိန့်မရရှိက အဘယ်ကြောင့်ကျူးကျော်ပြီးဘုရားလာတည်ခြင်းပြုရပါသနည်း။ ဤသို့သောလုပ်ရပ်သည် စဉ်းစားတွေးတောစရာလုပ်ရပ်တစ်ခုပင်ဖြစ်သည်။ ဤအဖြစ်အပျက်ကိုကြည့်ခြင်းအားဖြင့်မိမိတို့၏ယုံကြည်သည့်ဘာသာရေးကို လွတ်လပ်စွာ ကိုးကွယ်ခွင့်မပြုခြင်း၏သာဓကပင်ဖြစ်သည်။

ထို့နည်းတူ ပညာရေး၊ စီးပွါးရေးနှင့်လူမှုရေးကဏ္ဍများ၌လည်း လိုအပ်ချက်များစွာရှိနေသေးသည်ကိုတွေ့ရှိရသည်။ ပညာရေးနှင့်စီးပွါးရေးသည် ဒွန်တွဲလျက်ရှိသည်။ စီးပွါးရေးအဆင်မပြေမှုများကြောင့်ကလေးသူငယ်များ၊ များစွာပညာမသင်ကြားနိုင်ကြသည်ကိုတွေ့ရှိရသည်။ စီးပွါးရေးအခြေအနေကြောင့် တစ်ပါးနိုင်ငံသို့သွားရောက်အလုပ်လုပ်ငွေရှာကြသည့် တစ်ပိုင်းတစ်စပညာသည် လူငယ်များ၊ များစွာရှိသကဲ့သို့ လုံးဝစာမသင်ကြားရသည့်လူငယ်များလည်းရှိကြသည်ကိုတွေ့ရှိကြရသည်။ ထို့နောက် လူမှုရေးဖောက်ပြန်မှုများ၊ အကြမ်းဖက်မှု၊ မတရားပြုကျင့်မှု၊ မတရားသတ်ဖြတ်မှုများ မကြာခဏဆိုသလိုကြားနေရသည်မှာ လူနေမှုဘဝလုံခြုံမှုမရှိခြင်း၏သာဓကပင်ဖြစ်သည်။

အားလုံးကိုခြုံ၍ကြည့်မည်ဆိုလျှင် မည်သည့်အရာတစ်ခုမျှ ပြည့်စုံပြည့်ဝခြင်းမရှိသေးပေ။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းသည် လူတိုင်းပါဝင်သင့်သလို လူတိုင်းမှန်မြတ်သောစိတ်ဓာတ်ကိုယ်တိုင်ရင်တွင်း၌ အမှန်တစ်ကယ်ငြိမ်းချမ်းလိုသောစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းဖော်ဆောင်မှသာလျှင် ကျွန်ုပ်တို့မျှော်လင့်သောအစစ်အမှန်ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်မည်ဖြစ်သည်။ သို့သော် ယခုလက်ရှိငြိမ်းချမ်းရေးလမ်းသည်ငြိမ်းချမ်းရေးပန်းတိုင်သို့ရောက်ရှိရန်အတွက် ဦးတည်ချက်များစွာလွဲနေသည်ကိုတွေ့ရှိရသဖြင့် လက်ရှိငြိမ်းချမ်းရေးလမ်းစဉ်သည် အစစ်အမှန်ငြိမ်းချမ်းရေးလမ်း စဉ်မဖြစ်နိုင်သေးသည်ဟု ကျွန်ုပ်ထင်မြင်မိကြောင်းတင်ပြအပ်ပါသည်။

ပွင့်မာ(သထုံ)

# သစ်တောက်ငှက်ငယ် တစ်လစ်လစ်လေးလို

ကျေးငှက်တွေရဲ့အားလုံးအထဲတွင် ထူးခြားသွက်လက်လျှင်မြန်ဖျတ်လတ်တဲ့ငှက်ငယ်တစ်မျိုးဖြစ်သည်ဟုဆိုရပေမည်။

အများခေါ်ဝေါ်ကြတာကတော့ သစ်တောက်ငှက် (Forest bird), အရောင်အဆင်းကတော့ နှစ်မျိုးရှိသည်ဟုပြောရမည်။ အစိမ်းနှင့်အမဲရောစပ်၍ အစိမ်းဖျော့တစ်မျိုး၊ အနီနှင့်အမဲရောစပ်၍ အနီဖျော့တစ်မျိုး၊ အရွယ်အစားကတော့မကြီးမသေးခန့်မှန်းလက်တစ်ဆုပ် ဦးခေါင်းကတော့မျောက်ပန်းသဏ္ဍာန်၊ နှုတ်သီးကတော့အင်မတန်မှထက်မြက်ပြီးချွန်နေပါသည်။ သို့ပေမဲ့ လျှာကတော့အဖျားချွန်၍ဆွဲဆန့်လျှင်တော့ အရှည် ၂လက်မ ၃လက်မခန့်ရှိမည်။ ငှက်ငယ်၏ခြေထောက်အစုံမှာ သစ်ဝါးတို့အားပေါ့ပါးသွက်လက်စွာကပ်တွယ်၍ လှည့်ပတ်ကုပ်တက်နိုင်သည်။ သူ၏နှာတစ်စုံမှာ ပိုးမွှားလှုပ်ရှားမှုရှိမရှိနှင့်ဘေးပတ်ဝန်းကျင်အနီးတဝိုက် အန္တရာယ်ကင်းမကင်း အသံတို့ကိုဖမ်းယူနိုင်စွမ်းရှိသည်။ မျက်လုံးအစုံမှာလည်း လျှပ်တပြက်မြင်တွေ့နိုင်စွမ်းရှိသည်။ ၎င်း၏နှုတ်သီးအချွန်မှာတော့ ခါးမြှောင်ထိပ်ပိုင်းအဖျားချွန်သကဲ့သို့ သစ်ပင်ဝါးပင်တို့အားဖောက်ပြဲတောက်ခေါက်နိုင်စွမ်းလည်းရှိသည်။ အရပ်မျက်နှာအခြားတစ်ဖက်မှတစ်ဖက်သို့ပျံသန်းစဉ်တွင် အတောင်ပံတစ်စုံမှာလည်းဖျတ်ဖျတ်မည်ပြီး လျှပ်တပြက်ပျံသန်းနိုင်သေးသည်။ စတင်ပျံသန်းလာစဉ်မှ သစ်ပင်ဝါးပင်တို့၏အောက်ခြေ ၄ပေ၅ပေခန့်အကွာတွင်ဆိုက်ကပ်ပြီး ထိပ်ဖျားအဆုံးထိရောက်ရှိမှသာ အခြားသောအပင်များသို့ဆက်လက်ပျံသန်းကာ ပိုးမွှားအကောင်ငယ်များကိုရှာဖွေစားသောက်လေ့ရှိသည်။ သစ်တောက်ငှက်(Forest bird)ငှက်၏ထူးခြားချက်မှာ အခြားကျေးငှက်များကဲ့သို့ထိုသစ်ပင်များပေါ်တွင် အချိန်ကြာမြင့်စွာတည်ရှိနေခြင်းမရှိဘဲ ပိုးမွှားအကောင်ငယ်များကိုဖမ်းစားရန်အတွက် အစာတောက်ခေါက်ချိန်မှလွဲ၍ သစ်ပင်ဝါးပင်တို့အားလျှင်မြန်စွာလှည့်ပတ်ပြီး အပင်ထိပ်ဖျားထိကုပ်တက်တတ်သည်။၎င်း၏လျှာချောင်းအား လူတစ်ချို့ကကျန်းမာရေးအရအသုံးပြုတတ်သေးသည်။ လျှာချောင်းအား အခြောက်လှန်းပြီး သွားပိုးစားသော် သွားကြားထဲတွင်ထိုးပြီး သွားပိုးများပျောက်ကင်းနိုင်သည်ဟုယုံကြည်စွာအသုံးပြုသည်ကိုတွေ့မြင်သိရှိရသည်။ သို့ပေမဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန သစ်တောဝန်ကြီးနှင့်သစ်တောအဖွဲ့အစည်းများက ပစ်ခတ်ဖမ်းယူစားသုံးခြင်းမပြုရန် ပိတ်ပင်တားစီးသတ်မှတ်ထားကြသည်။ ထိုသို့ဟန့်တားရသည့်အကြောင်းအရင်းကတော့ တန်ဖိုးကြီးမားသောသစ်တောထွက်သစ်အမျိုးအစားကောင်းတို့မှ ပိုးမွှားအကောင်များအားဖမ်းယူစားသုံးခြင်း၊ဖယ်ရှားခြင်းတို့ကြောင့်ဖြစ်သည်။ သစ်တောက်ငှက်ငယ်၏ထူးခြားသောအချက်ကတော့ နံနက်ဝေလီဝေလင်းအစောဆုံးအချိန်မှ ညနေအမှောင်ထုဝင်မိုးချုပ်သည်အထိ တစ်နေကုန်တစ်နေရာမှတစ်နေရာ တစ်ပင်မှတစ်ပင်ကူးကာ အောက်ခြေမှထိပ်ဖျားအထိမနားမနေလှုပ်ရှားလျက်ရှိပြီး တောက်ခေါက်သံမှလွဲ၍ အခြားသောအသံမကြားရဘဲ ပိုးမွှားအကောင်ငယ်တို့အား ပုံမှန်ဖမ်းယူရှာဖွေစားသောက်လေ့ရှိသည်။ ၎င်းငှက်ငယ်နားနေသည့်အချိန်မှာတော့ အသိုက်(သစ်ခေါင်းပေါက်)ထဲဝင်ပြီး ငြိမ်သက်စွာအိပ်စက်အနားယူခြင်းအချိန်သာဖြစ်သည်။ ငှက်ငယ်မှာ တစ်လစ်လစ်ဆိုသည့်အော်ဟစ်မြည်သံဆက်တိုက်ကြားရပြီး တဖျတ်ဖျတ်ပျံသန်းမည်ဆိုပါက တောတိရိစ္ဆာန်အချင်းချင်းသတ်ပုတ်ကာ ထိတ်လန့်ထွက်ပြေးခြင်း သို့မဟုတ် လူသားများပစ်ခတ်ရန်အနီးတဝိုက်သို့ချဉ်းကပ်လာခြင်း၊ တစ်စုံတစ်ခု တစ်နေရာတွင်ထူးခြားနေသည်ဟုခန့်မှန်းအတပ်ပြောနိုင်သည်။သစ်တောက်ငှက်၏အကျိုးသက်ရောက်မှုရှိခြင်းတို့မှာသစ်တောစိမ်းလန်းစိုပြေသာယာလှပခြင်း၊ရာသီဥတုပုံမှန်ဖြစ်ခြင်းတို့ကြောင့် ကမ္ဘာနှင့်လူသားများအတွက်ပျော်ရွှင်ဝမ်းမြောက်ရခြင်းအကျိုးကျေးဇူးအဓိပ္ပါယ် ခံစားရသည်မဟုတ်ပါလား––။

ထို့ကြောင့်(Forest bird)သစ်တောက်ငှက်တစ်လစ်လစ်ငှက်ငယ်လေးအားကြည့်ရှုသုံးသပ်ခြင်းအားဖြင့် အတုယူနိုင်းယှဉ်စရာများပြားစွာရှိပါသည်။ သို့ပေမဲ့ကျေးငှက်တိရိစ္ဆာန်တွေနဲ့နှိုင်းယှဉ်ခြင်းကလူသားများအနေနဲ့ ရယ်စရာပြောစရာများဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ယခင်ရာစုနှစ်တွေထဲမှာ ယှဉ်တဲ့အသုံးပြုနည်းကိုပြောရမည်ဆိုလျှင် သံရိုက်သံထုပ်၊ သံကိုလက်ဖြင့်မကိုင်ဘဲတဲ့ရိုက်နိုင်တဲ့တူကိုကြည့်ခြင်းအားဖြင့် ဆိတ်ချိုအားတု၍အသုံးပြု(Forest bird)သော စံနမူနာမှာလည်းသိရှိ(Forest bird)တွေ့မြင်နိုင်ပါသည်။ ယခုခေတ်ကာလတွေမှာ ပေါ်ပျူလာဖြစ်ကြတဲ့ကွန်ပျူတာ၊အင်တာနက်အသုံးပြုတာတွေပေါ်လို့ ကွန်ပျူတာစက်တစ်လုံးတည်းနဲ့နည်းမျိုးစုံခွဲထုတ်အသုံးပြုနေတာကိုလည်းသိရှိတွေ့မြင်နိုင်ပါသည်။ သစ်တောက်ငှက်

(Forest bird)ငယ်က အချိန်တစ်ချိန်တည်းမှာဘဲ အလုပ်များစွာလုပ်ဆောင်တာက အတုယူစရာပင်။ ခြေအစုံမှာလည်းတစ်လုမ်းခြင်းရွေ့လျားကာနှုတ်သီးကတောက်ခေါက်နိုင်ပြီး နားကလည်းအသံစွင့်၊ မျက်လုံးအစုံကတော့ဘေးပတ်ဝန်းကျင်အန္တရာယ်ကင်းရှင်းမှုရှိမရှိစူးစမ်းရှာဖွေတတ်ပြီး နှုတ်သီးမှတစ်လစ်လစ်ဆိုသည့်အသံဖြင့် အော်မြည်လျက် ရှည်လျားသောလျှာမှာမူ ပိုးမွှားအကောင်ငယ်တို့အားဖမ်းယူစားသုံးသေးသည်။

ပင်ကိုယ်ရှိသည့်အင်္ဂါရပ်တို့မှာ မညည်းမညာချုန်လုန့်ထားခြင်းမရှိဘဲ တစ်စုတစ်စည်းတည်းလှုပ်ရှားဆောင်ရွက်နိုင်သည်။ ဤကဲ့သို့လုပ်ဆောင်နိုင်ခြင်းမှာ အလွန်ပင်အံ့သြစရာဖြစ်ပေသည်။ ပင်မဖွဲ့စည်းပုံတို့မှာ တစ်ပြိုင်တည်း အရာအားလုံးလုပ်ဆောင်နိုင်ခြင်းက လူသားများအတွက်အထူးအဆန်းမဟုတ်ပေမဲ့ စည်းလုံးခြင်းသည်အင်အားဆိုသည့်အတိုင်း မိမိတို့၏တာဝန်ကိုယ်စီတစ်စုတစ်စည်းတည်းလုပ်ဆောင်ရမည်မဟုတ်ပါလား......။

ထို့ကြောင့် ကလေးသူငယ်လူရွယ်မောင်မယ်မှစ၍ အသက်ကြီးရင့်လာသည်အထိ တာဝန်ကိုယ်စီထမ်းဆောင်နေကြသောကျွန်ုပ်တို့ကရင်လူမျိုးစုများ၊ တနည်းတဖုံနှင့်ကူညီပံ့ပိုးအားဖြည့်ပေးကြသည့်အဝေးရောက်ညီအစ်ကိုမောင်နှမများ၊ အဖက်ဖက်မှပိုင်းဝန်းအားပေးနှစ်သိမ့်ပေးကြတဲ့မိဘဖိုးဖွားများ၊ လက်ရှိတာဝန်ယူထမ်းဆောင်နေကြသောစစ်သည်များ၊ အနယ်နယ်အရပ်ရပ်မှရပ်မိရပ်ဖပ်များ၊ ညီအစ်ကိုမောင်နှမများ စသည်တို့ဖြင့် သစ်တောက်ငှက်ငယ်ကလေးလို ပင်ကိုဖွဲ့စည်းပုံအလိုက် တစ်ပြိုင်တည်းလှုပ်ရှားဆောင်ရွက်သင့်ပြီဖြစ်သည်။ ဦးချိုကိုချိုးမွမ်းပြီး ခြေလက်ကိုကဲ့ရဲ့တဲ့သမင်ပျိုကြီးကနောက်ဆုံးတော့ခြေလက်ကိုအားကိုးပြေးနေရပြီး ဦးချိုနဲ့ချုံနွယ်များညှိ၍ အသက်ပါဆုံးရှုံးသွားသောသမင်ပမာမဖြစ်သင့်တော့ပါ။ သစ်တောက်ငှက်သည် ပင်ကိုဖွဲ့စည်းပုံဖန်ဆင်းထားသည့်အတိုင်း ဆိုင်ရာဆိုင်ရာလုပ်ငန်းတစ်ခုစီတိုင်းကို တစ်ပြိုင်တည်းထည့်အသုံးချလုပ်ဆောင်တာကိုကြည့်ခြင်းအားဖြင့် အတုယူလုပ်ဆောင်သင့်ပါသည်။ အထူးသဖြင့် တာဝန်ကိုယ်စီလုပ်ဆောင်နေကြသောလူငယ်မောင်မယ်များ လက်ရှိတာဝန်မှ ကိုယ်ဘယ်လောက်ရပ်တည်နေနိုင်ပြီလဲ။

သစ်တောက်ငှက်ငယ်လို သူ့နှုတ်သီးနဲ့ သစ်ပင်ကိုပေါက်၍ ခေါက်နေသောလက်ရှိအပေါက်ဘယ်လောက်နက်နဲနေပြီလဲ။ သူ့ဝမ်းပိုက်အတွက်အဆင်ပြေချောမွေ့မှုရှိမရှိတို့အား သူ၏ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့်အတူ ဦးနှောက်အသိစိတ်နဲ့ဆုံးဖြတ်ပိုင်းခြား၍ ခြေလည်းခြေအလျောက်၊ နှုတ်သီးလည်းနှုတ်သီးတာဝန်၊ မျက်စိလည်းမျက်စိတာဝန်၊ နားလည်းနားတာဝန်၊ လျှာလည်းလျှာတာဝန်အလျောက် ပင်ကိုဖွဲ့စည်းပုံအတိုင်း ချုန်လုန့်ထားခြင်းမရှိဘဲ တစ်ပြိုင်တည်းလုပ်ဆောင်မှုကြောင့် နောက်ဆုံးတော့ သူ၏ဝမ်းစာအတွက်သာမက သစ်တောသဘာဝရှုခင်းများကိုပါ အကျိုးသက်ရောက်စေသည်။ သစ်တောက်ငှက်(forest bird) သည် တိရိစ္ဆာန်သဘာဝအတိုင်း ဝမ်းစာအဆင်ပြေရုံအတွက်သာပိုးမွှားအကောင်ငယ်များကို တိုက်ခိုက်စားသုံးခြင်းသာဖြစ်သည်။ အလားတူ ကျွန်ုပ်တို့ကရင်လူမျိုးစုတို့သည် ပြည်နယ်အေးချမ်းသာယာဖို့၊ လူမျိုးစုတစ်စု၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိဖို့၊ တန်းတူညီတူမျှတစွာရှိခြင်း၊ ဆူပူမှုကိုမလိုလားဘဲ ပျော်ရွှင်ငြိမ်းချမ်းစွာနဲ့လွတ်လပ်စွာလုပ်ကိုင်စားသောက်နိုင်ဖို့၊ ခုခံကာကွယ်တဲ့အနေဖြင့် ဖိနှိပ်ချုပ်ချယ်သည့်စစ်အာဏာရှင်ကိုမလိုလားဘဲ တော်လှန်နေတဲ့ကော်သူးလေကြီးပဲဖြစ်ပါတယ်။ မည်ကဲ့သို့အခက်အခဲများစွာရင်ဆိုင်တွေ့ကြုံနေရပါစေ မလျော့သောဇွဲလုံ့လဝီရိယနဲ့ အနာဂတ်သာယာလှပစေဖို့ သစ်တောက်ငှက်ငယ်လေးလို မိုးလင်းမိုးချုပ် မနားမနေ ရှန်းကန်လှုပ်ရှားကျော်ဖြတ်ပျံသန်းရမည်ဖြစ်သည်။

သစ်တောက်ငှက်(forest bird) သည် အရောင်အားဖြင့် အစိမ်းဖျော့နှင့်အနီဖျော့နှစ်မျိုးရှိစေကာမူ ကမ္ဘာပေါ်ရှိ သစ်တောနယ်မြေအရပ်ရပ်တွင်ရှိသည့် သစ်တောက်ငှက်အမျိုးအစားတို့သည် နယ်မြေမည်ကဲ့သို့ပင်ခြားနားနေပါစေ ဖန်ဆင်းထားသည့်ပင်ကိုသဘာဝအတိုင်း ကျင်လည်လှုပ်ရှားပုံတို့မှာတစ်ပုံဆန်တည်းဖြစ်ကြပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကရင်လူမျိုးများသည် အရှေ့၊အနောက်၊တောင်၊မြောက်၊နိုင်ငံအရပ်ရပ်၊ ဒေသအသီးသီး၊အသံစကားအမျိုးမျိုး၊ အသားအရောင်အမျိုးမျိုးရှိနေစေကာမူ ရှေ့ဖွဲ့စည်းရေးသာတည်ရှိထားသောမူ(၄)ရပ်နှင့် ကရင်ပြည်၊ ကရင်တစ်မျိုးသားလုံး၏အလံတော်အောက်တသွေးတသံ တစ်စုတစ်စည်းရှိဖို့လိုအပ်ပါသည်။ သစ်တောက်ငှက် (forest bird) ငယ်သည် တိရိစ္ဆာန်ဖြစ်သော်လည်း လူအများကအသိအမှတ်ပြုသကဲ့သို့ ကျွန်ုပ်တို့ကရင်တစ်မျိုးသားလုံးလုပ်ဆောင်နေသောတော်လှန်ရေးကြီးသည် မြန်မာနိုင်ငံရှိတိုင်းရင်းသားများသာမက ကမ္ဘာပေါ်တွင် ပြီးပြည့်စုံတဲ့ကရင်ပြည်နယ်၊ ကရင်သမိုင်း၊ ကရင်ယဉ်ကျေးမှုအစဉ်အလာများကိုသိရှိနားလည်ပြီး အသိအမှတ်ပြုဖို့ တစ်ညီတစ်ညွတ်တည်းလုပ်ဆောင်ရပါမည်။ သို့မှသာ ဧကန်အမှန်ကရင့်တော်လှန်ရေးကြီးအောင်ပွဲဆင်နွှဲနိုင်ပါမည်။

အဲ့မှီ
တောင်ငူဘဲ့
တပ်မဟာ(၂)